# သက်တမ်းကုန်ဆုံးမည့် တရားဥပဒေများဆက်လက်၍ အာဏာတည်စေမှု အက်ဥပဒေ။ [၁]

[၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၂။] (၁၉၄၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်။)

မြန်မာနိုင်ငံတော်ဘုရင်ခံမင်းကြီးက၊ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှု အက်ဥပဒေပုဒ်မ ၁၃၉၊ ပုဒ်မခွဲ (၁) အရ၊ မိမိအားအပ်နှင်းထားသည့် အာဏာကို သုံးစွဲလျက် ပြဋ္ဌာန်းထားသော တည်ဆဲအက်ဥပဒေများသည်၊ ယာယီမျှသာ အာဏာတည်ရမည် ဖြစ်သောကြောင့် တကြောင်း၊

အဆိုပါအက်ဥပဒေများနှင့်တကွ၊ ထိုအက်ဥပဒေများကိုပြင်ဆင်သည့်၊ သို့တည်းမဟုတ် ထိခိုက်သည့်အက်ဥပဒေများကိုဆက်လက်၍အာဏာတည်စေရန်၊ ပြဋ္ဌာန်းသင့်သည်လည်းဘကြောင်း၊

ထိုအကြောင်းများကြောင့်၊ အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၄၉ ခုနှစ်၊ သက်တမ်းကုန်ဆုံးမည့် တရားဥပဒေများဆက်လက်၍အာဏာတည်စေမှု အက်ဥပဒေဟုခေါ်ရမည်။

၂။ ။မြန်မာနိုင်ငံတော် ဘုရင်ခံမင်းကြီးက၊ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော် စီရင်အုပ်ချုပ်မှုအက်ဥပဒေပုဒ်မ ၁၃၉၊ ပုဒ်မခွဲ (၁) အရ၊ မိမိအားအပ်နှင်းထားသည့်အာဏာကို သုံးစွဲလျက် ပြဋ္ဌာန်းထားသောအက်ဥပဒေအားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၂၆၊ ပုဒ်မခွဲ (၂) အရ၊ သင့်တင့်သို့လျော်အောင် ပြုပြင်ထားသည့်အတိုင်း၊ သို့တည်းမဟုတ်တိုင်းပြည်ပြုလွှတ်တော်က၊ ထိုအခြေခံဥပဒေပုဒ်မ ၂၃၁ (၁) အရပြဋ္ဌာန်းသော အက်ဥပဒေများဖြင့်ပြင်ဆင်ထားသည့်အတိုင်း၊ ထိုအခြေခံဥပဒေနှင့် မညီမညွတ်မဖြစ်သည့်အထိရင်း၊ ထိုအခြေခံ

---

[၁] မြန်မာနိုင်ငံပြန်တမ်း။ ၁၉၄၉ ခုနှစ်၊ အပိုင်း ၁၊ စာမျက်နှာ ၅၂၉ တွင် ထုတ်ပြန်ကြေညာသည်။

ဥပဒေနှင့်မဆန့်ကျင်လျှင်ငင်း၊ ထိုအက်ဥပဒေများကိုဖြစ်စေ၊ အက်ဥပဒေတခုခုကိုဖြစ်စေ၊ ပါလီမန်ကသော်၎င်း၊ အခွင့်အာဏာရှိသော အခြားအာဏာပိုင်ကသော်၎င်း၊ မရုပ်သိမ်းသေးသမျှ၊ သို့တည်းမဟုတ် မပြင်သေးသမျှဆက်လက်၍ အာဏာတည်စေရမည်။

၃။ ။မြန်မာနိုင်ငံတော် ဘုရင်ခံမင်းကြီးက၊ ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေပုဒ်မ ၁၃၉ ရှိပုဒ်မခွဲ (၁) အရ၊ အပ်နှင်းထားသည့်အာဏာကိုသုံးစွဲ၍ ပြဋ္ဌာန်းထားသော အက်ဥပဒေတခုခုကိုပါလီမန်ကသော်၎င်း၊ အခွင့်အာဏာရှိသော အခြားအာဏာပိုင်ကသော်၎င်း၊ ပြည်နယ်တခုခုနှင့်နည်းလမ်းတကျ သက်ဆိုင်စေခြင်းမပြုသေးလျှင်၊ ထိုအက်ဥပဒေတခုခုကိုယခုအက်ဥပဒေကြောင့် အလိုအလျောက်ထိုပြည်နယ်နှင့် သက်ဆိုင်စေခြင်းမရှိရ။